ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

စာအမှတ်၊ SSE / NM / ၂၂ / ၂၀၂၃
ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်းကိစ္စ**

ရည်ညွှန်းချက် ။ ရေတပ်ပင်မတိုင်းတာရေးတပ်၏ ၁၁.၇.၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ၂၂/၂၁-ခ/ရပတ/ဦး ၁

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံအနေဖြင့် Sriharikota အခြေစိုက် Satish Dhawan Space Centre SHAR အာကာသစခန်းမှ Polar Satellite Launch Vehicle (PSLV-C56) ဂြိုလ်တုတင်ယာဉ်အား (၂၃.၇.၂၀၂၃) ရက်မှ (၂၁.၈.၂၀၂၃) ရက် အတွင်း မြန်မာစံတော်ချိန် (၀၆:၄၅) နာရီမှ (၁၀:၄၅) နာရီအတွင်း အောက်ပါတည်နေရာမှ ပစ်လွှတ်ရန် စီစဉ်ထားကြောင်း သိရှိရပါသည်-

| | | | |
|---|---|---|---|
| ပစ်လွှတ်မည့်တည်နေရာ | Latitude | : | 13° 44.0′ N |
| | Longitude | : | 080° 14.1′ E |

၂။ ဂြိုလ်တုတင်ယာဉ် လွှတ်တင်ပြီး (၁၃) မိနစ်အတွင်း မြန်မာ့ပင်လယ်ပြင်အတွင်းရှိ အောက်ဖော်ပြပါ တည်နေရာအတွင်းသို့ အချင်း ၂.၈ မီတာ၊ အလျား ၁၂ မီတာ၊ အလေးချိန် ၅.၄ တန်ခန့်ရှိ ယာဉ်အစိတ်အပိုင်းများ ကျရောက်မည်ဖြစ်ပါသည်။

| | | | |
|---|---|---|---|
| ကျရောက်နိုင်သည့်တည်နေရာ | Latitude | : | 09° 35.0′ N |
| | Longitude | : | 094° 50.0′ E |

၃။ သို့ဖြစ်ပါ၍ (၂၃.၇.၂၀၂၃) ရက်နေ့မှ (၂၁.၈.၂၀၂၃) ရက်နေ့အထိ မြန်မာစံတော်ချိန် (၀၆:၄၅) နာရီမှ (၁၀:၄၅) နာရီအတွင်း အထက်ဖော်ပြပါ တည်နေရာ၌ ယာဉ်အစိတ်အပိုင်းများ ကျရောက်နိုင်ပါသဖြင့် သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ကမ်းရိုးတန်းသွား ရေယာဉ်များ၊ ငါးဖမ်းသင်္ဘောများ၊ အပျော်စီးခရီးသွားရေယာဉ်များနှင့် စက်တပ်သမ္ဗန်များ ၎င်းတည်နေရာ၌ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်းနှင့် ငါးဖမ်းကိရိယာ များချထားခြင်းမပြုကြပါရန်နှင့် အဆိုပါတည်နေရာအနီးမှ လွတ်ကင်းစွာသတိပြုမောင်းနှင် သွားကြပါရန် ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာအပ်ပါသည်။

ခေတ္တညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
မိုးကျော်-ညွှန်ကြားရေးမှူး(SSE)